RÉPUBLIQUE FRANÇAISE
LIBERTÉ - ÉGALITÉ - FRATERNITÉ

CONSEIL ÉCONOMIQUE
SOCIAL ET ENVIRONNEMENTAL



# ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီဆိုင်ရာအချက်အလက်များ



# ပြင်သစ်နိုင်ငံရှိ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီဆိုင်ရာ အချက်အလက်များ

## အကျဉ်းချုပ်

၁။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကော်စီ (ESEC) သည် ပြင်သစ်နိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်နှင့် အောက်လွှတ်တော်တို့၏အောက်တွင်ရှိသော တတိယမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်သည့်လွှတ်တော်တစ်ရပ်ဖြစ်ပါသည်။ ကောင်စီအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်များ၊ မတူညီသောလူမှုရေးဆိုင်ရာစိတ်ပါဝင်စားသူများ၏အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေခြင်းနှင့် ၎င်းတို့အား မူဝါဒများရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ဆောင်ရွက်စေခြင်းတို့ဖြစ်ပါသည်။

၂။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကော်စီသည် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာအပြောင်းအလဲများပြုလုပ်သည့်အချိန်များတွင် အဓိကအခန်းကဏ္ဍမှပါဝင်လုပ်ရှားဆောင်ရွက်နေပါသည်။ ကောင်စီသည် အစိုးရ၊ လွှတ်တော်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သူများအား အကြံဉာဏ်များကိုလည်း အထောက်အပံ့ပေးနေပါသည်။

၃။ ကောင်စီအား ကိုယ်စားလှယ်များ၊ Public Figures ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာအခန်းကဏ္ဍ၊ အရာရှိများနှင့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ ပြင်သစ်ပြည်သူပေါင်းမြောက်များစွာကို ကိုယ်စားပြုနေသည့် ESEC ကောင်စီသည် အဓိကကျသောလူမှုရေးကိစ္စရပ်များအတွက် အရေးကြီးဆုံးသောနေရာတွင်ရှိပြီး ယနေ့နှင့်မနက်ဖြန်တိုင်းတွင် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်တို့အပေါ် ကျရောက်လာနိုင်သည့် အကျိုးသက်ရောက်မှုများကိုဖြေရှင်းနိုင်ရေးအဆိုများကို တင်သွင်းခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

**အဓိကလုပ်ငန်းတာဝန်များ**

၄။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီတွင် အဓိကလုပ်ငန်းတာဝန်ကြီး (၅) ရပ်ရှိပါသည်။ ၎င်းတို့မှာ-

(က) အစိုးရနှင့် လွှတ်တော်အားအကြံဉာဏ်ပေးခြင်းနှင့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာမူဝါဒများ တိုးတက်ရေးတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူလူထုစိတ်ပါဝင်စားသည့်အဆိုများအား အကောင်အထည်ဖော်နိုင်ရန် စုစည်းထားသည့် မတူညီသည့်အမြင်များနှင့်အတူ လူမှုကျွမ်းကျင်ရေးဆိုင်ရာ အုပ်စုများအကြား အပြန်အလှန်ဆွေးနွေးမှုများကို တိုးတက်စေရန်အတွက် ကောင်စီ၏ဖွဲ့စည်းပုံအားအသုံးပြုခြင်း၊

(ဂ) စီးပွာရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များအတွက် ပြည်သူ့မူဝါဒ သုံးသပ်ချက်များအား ထုတ်ဝေပေးခြင်း၊

(ဃ) အထောက်အကူပြုအပြန်အလှန်ဆွေးနွေးမှုများကို အဆင့်မြှင့်တင်ခြင်းနှင့် EU နှင့်အခြားသောနိုင်ငံများရှိ ဒေသခံအစိုးရနှင့် အဆင့်အတန်းတူပုဂ္ဂိုလ်/ အရာရှိများအကြား အတိုင်ပင်ခံ/အကြံပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်သူလူထုအား အသိပညာပေးရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

**အဖွဲ့ဝင်များ**

၅။ ပြင်သစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကော်စီ (ESEC) သည် ၁၉၃၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးသော စီးပွာရေးနှင့်လူမှုရေးရာ ကောင်စီတစ်ရပ်ဖြစ်ပါသည်။ အဆိုပါကာလမှစတင်၍ နိုင်ငံပေါင်း (၇၀) မှ ၎င်းကဲ့သို့သော ပုံစံတူကောင်စီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး

ရာကောင်စီများနှင့် အလားတူအဖွဲ့အစည်း (AICESIS) များအား ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ကောင်စီအား ကိုယ်စားလှယ်ပေါင်း (၂၃၃) ဦးဖြင့်ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်များ၏သက်တမ်းမှာ (၅) နှစ်ဖြစ်ပါသည်။ အဆိုပါ ကိုယ်စားလှယ် (၂၃၃) ဦးတို့အားသက်ဆိုင်ရာနယ်ပယ်အလိုက် အောက်ပါအတိုင်း ပါဝင်ဖွဲ့စည်းထားပါသည်-

(က) စီးပွားရေးကိစ္စရပ်များနှင့် လူမှုရေးရာညှိနှိုင်းဆွေးနွေးမှုများအတွက် ကိုယ်စားလှယ်(၁၄၀)ဦး၊

(ခ) လူမှုရေးနှင့် Territorial cohesion and community တို့အတွက် ကိုယ်စားလှယ် (၆၀)ဦး၊

(ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကိုယ်စားလှယ်(၃၃)ဦးတို့ဖြစ်ကြပါသည်။ အဆိုပါ ကိုယ်စားလှယ်များသည် ကောင်စီ၏အစီရင်ခံစာများ ရေးသားပြုစုရာတွင် လွှတ်တော်အစည်းအဝေးများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် ယာယီကော်မရှင်များအစရှိသည့် လုပ်ငန်းအဖွဲ့(၁၂)ဖွဲ့တွင် တာဝန်ခွဲဝေပေးအပ်ခြင်းခံရပါသည်။ ပြင်သစ်အစိုးရအနေဖြင့် ကောင်စီအစည်းအဝေးများတွင် ပါဝင်ဆွေးနွေးနိုင်ရန်အတွက် သက်ဆိုင်ရာကျွမ်းကျင်မှုပညာရပ်များအပေါ်မူတည်၍ ယာယီကျွမ်းကျင်ပညာရှင်(၇၂)ဦးအား ရွေးချယ်တင်မြောက်ပိုင်ခွင့်ရှိပါသည်။ အဆိုပါယာယီအဖွဲ့ဝင်များသည် ၎င်းတို့၏သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ဆောင်ရွက်ချက်များကို အဆင့်မြှင့်တင်နိုင်ရန်အတွက် အခြားကျွမ်းကျင်ပညာရှင်များအား ထပ်မံခေါ်ယူဆောင်ရွက်နိုင်ပါသည်။ သို့သော် တာဝန်ပေးအပ်ထားသည့်လုပ်ငန်းတစ်ရပ်အတွက် အခြားသောကောင်စီအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အဖွဲ့ဝင်(၈)ဦးသာရှိရမည်ဖြစ်သည်။ ၎င်းအဖွဲ့ဝင်များသည် တာဝန်ရှိသူအနေဖြင့် အဆိုတင်သွင်းခြင်းနှင့်နည်းဥပဒေများကိုပင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော်လည်း အမြဲတမ်းအဖွဲ့ဝင်များကဲ့သို့ ဥပဒေကြမ်းရေးဆွဲရေးအကြံဉာဏ်များအတွက် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။ ကောင်စီ၏လုပ်ငန်းအဖွဲ့များအနေဖြင့် လွှတ်တော်အစည်းအဝေး(၉)ခုနှင့် ကိုယ်စားလှယ်အဖွဲ့(၃)ဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(က) **လူမှုရေးရာနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် လွှတ်တော်အစည်းအဝေး။** လူဦးရေတိုးပွားလာမှု၊ မိသားစုနှင့်လူမှုရေးဆိုင်ရာလုံခြုံမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ချက်များ၊ ကြိုတင်ကာကွယ်မှုများ၊ လွတ်လပ်ရေးနှင့်စည်းလုံးရေးလုပ်ငန်းစဉ်များနှင့် အထူးသီးသန့်ကိစ္စရပ်များအတွက် ကျင်းပသည့်လွှတ်တော်အစည်းအဝေးဖြစ်ပါသည်။

(ခ) **အလုပ်အကိုင်နှင့်အလုပ်သမားရေးရာကိစ္စရပ်များအတွက် လွှတ်တော်အစည်းအဝေး။** အလုပ်သမားရေးရာကိစ္စများ၊ အလုပ်အကိုင်ဆိုင်ရာမူဝါဒ၊ အဖွဲ့အစည်း၊ အကြောင်းအရာနှင့် အလုပ်အကိုင်အဆင့်အတန်း၊ ရွှေ့ပြောင်းလုပ်ကိုင်မှု၊ လုပ်ငန်းခွင်အခြေအနေနှင့် လစာအခွင့်အရေးတို့အပြင် လစာမဲ့ဝန်ထမ်းများ၊ လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများနှင့် ပညာဆက်လက်သင်ကြားခွင့်များကိုဆွေးနွေးရန်အတွက် ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

(ဂ) **စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာလွှတ်တော်အစည်းအဝေး။** စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ၊ နှစ်စဉ်အစီရင်ခံစာများဖြန့်ဝေခြင်းနှင့်ငွေစုငွေချေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ ပြည်သူ့ဘဏ္ဍာငွေနှင့်အခွန်အခများ၊ ဘဏ်နှင့်အာမခံလုပ်ငန်းများကိုဆွေးနွေးရန်အတွက် ကျင်းပသည့်အစည်းအဝေးဖြစ်ပါသည်။

(ဃ) **နယ်စပ်ရေးရာကိစ္စရပ်များအား စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်းဆိုင်ရာလွှတ်တော်အစည်းအဝေး။** အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများအား ဒေသခံအစိုးရထံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ပြည်နယ်အလိုက်ဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံကိန်းများနှင့်အဖွဲ့အစည်းများ၊ ဒေသခံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ မြို့ပြစီမံကိန်းများ၊ အိမ်ယာများ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများအတွက် အစည်းအဝေးအားကျင်းပပြုလုပ်ပါသည်။

(င) **ဥရောပနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအတွက် လွှတ်တော်အစည်းအဝေး။** ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအထောက်အပံ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်ဦးနှစ်ဘက်နှင့် နှစ်ဦးနှစ်ဘက်ထက်ပိုသောကိစ္စရပ်များအားဆွေးနွေးခြင်း၊ နိုင်ငံတကာဆက်ဆံရေး၊ ရွှေ့ပြောင်းလူဦးရေ၊ ဥရောပရေးရာကိစ္စရပ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် မိတ်ဖက်နိုင်ငံများအကြား ဆက်ဆံရေးကိစ္စရပ်များအားဆွေးနွေးကြပါသည်။

(စ) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အစားအသောက်ရေးရာကိစ္စရပ်များအတွက် လွှတ်တော်အစည်းအဝေး။** စိုက်ပျိုးရေး၊ ကျေးလက်ရေးရာကိစ္စများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါးနှင့်ရေပေါ်အပင်များစိုက်ပျိုးခြင်း (Aquaculture) လုပ်ငန်းများ၊ သစ်တောစိုက်ပျိုးရေး၊ အစားအသောက်လုံခြုံမှုနှင့်လုံလောက်မှု၊ စားသောက်ကုန်လုပ်ငန်းများနှင့် အစားအသောက်နှင့်မသက်ဆိုင်သည့်စာအုပ်၊ ပရိဘောဂနှင့်အဝတ်အစားများထုတ်လုပ်မှုအတွက် လိုအပ်သောစိုက်ပျိုးရေး ထုတ်ကုန်များအားထုတ်လုပ်ခြင်း အစရှိသည့်ကိစ္စများကို ဆွေးနွေးကြပါသည်။

(ဆ) **သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များအား ဆွေးနွေးသည့်လွှတ်တော် အစည်းအဝေး။** သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်ထိန်းသိမ်းမှုများ နှင့်သတိပြုရမည့်အချက်များ၊ ရာသီဥတုပြောင်းလဲမှုများ၊ အပင်နှင့်တိရစ္ဆာန် များအရေအတွက်၊ ပင်လယ်နှင့်သမုဒ္ဒရာများ၊ စွမ်းအင်ပြောင်းလဲမှု၊ ကြိုတင် ကာကွယ်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား စီမံခန့်ခွဲခြင်းနှင့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် အလေ့အထတို့ကိုဆွေးနွေးကြပါသည်။

(ဇ) **စီးပွားရေးဆိုင်ရာဆောင်ရွက်လုပ်ဆောင်ချက်များအတွက် လွှတ်တော်အစည်း အဝေး။** စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင် များ၊ စက်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုစီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုများ၊

စားသုံးသူကာကွယ်ရေးနှင့် သုတေသနပြုခြင်း၊ နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်မှုစွမ်းရည်များအစရှိသည်စီးပွားရေးကိစ္စရပ်များအား ဆွေးနွေးရန်အတွက် ကျင်းပပြုလုပ်ပါသည်။

(ဈ) **ပညာရေး၊ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် လွှတ်တော်အစည်းအဝေး။** လုပ်ငန်းခွင်အကြိုသင်တန်းများပေးခြင်း၊ လူငယ်များအား အကူအညီနှင့်အကြံဉာဏ်များပေးခြင်း၊ ပိုမိုအဆင့်မြင့်သည့်ပညာရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားအခွင့်အရေးရရှိနိုင်မှု၊ သတင်းအချက်အလက်နှင့်ဗဟုသုတများဝေမျှပေးခြင်း၊ ယဉ်ကျေးမှု၊ အားကစားနှင့်အားလပ်ရက်အပန်းဖြေရေးအစီအစဉ်များပေးခြင်းတို့ကို ဆွေးနွေးရန်အတွက် အစည်းအဝေးများကိုကျင်းပပြုလုပ်ပါသည်။

၆။ စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာကောင်စီ၏ကိုယ်စားလှယ်အဖွဲ့(၃)ဖွဲ့အနေဖြင့် ကာလရှည်စီမံကိန်းများနှင့် မူဝါဒများရေးဆွဲခြင်းလုပ်ငန်းများ၊ ပြည်ပရေးရာကိစ္စရပ်များ၊ အမျိုးသမီးများ၏တန်းတူညီမျှရပိုင်ခွင့်နှင့်အခွင့်အရေးများအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**လွှတ်တော်လုပ်ငန်းစဉ်များ**

၇။ ရှေးဦးစွာ တင်သွင်းလာသည့်အကြောင်းအရာများအား လုပ်ငန်းအဖွဲ့အသီးသီးသို့ တာဝန်ခွဲဝေပေးအပ်ပြီး လုပ်ငန်းအဖွဲ့များမှ အစည်းအဝေးကို ဦးဆောင်တာဝန်ယူဆောင်ရွက်မည့်ဥက္ကဋ္ဌတစ်ဦး သို့မဟုတ် ဥက္ကဋ္ဌများကိုရွေးချယ်တင်မြှောက်ပါသည်။ ထို့နောက် အထူးကြားနာပွဲအတောအတွင်း ခန့်အပ်ထားသည့်ကျွမ်းကျင်ပညာရှင်များသည် ၎င်းတို့၏အမြင်များကို ကောင်စီတွင်ဆွေးနွေးကြပါသည်။ ကြားနာပွဲပြီးသည့်နောက် ပြင်ဆင်ချက်များရှိပါက ပြင်ဆင်ရေးသားမှုပြုလုပ်ကြပြီးလျှင် လွှတ်တော်ဥက္ကဋ္ဌမှ အစည်းအဝေးသို့ဆန္ဒမဲပေးနိုင်ရန်အတွက် ဖတ်ကြားတင်သွင်းပါသည်။ လွှတ်တော်အစည်းအဝေးများကို ပုံမှန် တစ်လလျှင် (၄)ကြိမ်ကျင်းပလေ့ရှိပြီး စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာကောင်စီမှ နှစ်စဉ်အစီရင်ခံစာအစောင်ရေ (၂၅) မှ (၃၀) အထိတင်သွင်းပါသည်။

ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌနှင့် ပြင်သစ်လွှတ်တော်ကိုယ်စားလှယ်လောင်း H.E. Mr. Jean-Marie Cambaceres ၏ကိုယ်ရေးအကျဉ်း



Mr. Jean-Marie ကို ၁၉၄၉ ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင်မွေးဖွားခဲ့ပြီး အာရှဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုဆောင်ရွက်နေသည့် ပြင်သစ်လူမျိုးစီးပွားရေး သမားတစ်ဦးဖြစ်သည့်အပြင် နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်ပါသည်။ ၎င်း၏နိုင်ငံရေး ပါတီအမည်မှာ ဆိုရှယ်လစ်ပါတီဖြစ်ပြီး ၁၉၇၃ ခုနှစ်မှ ၁၉၈၂ ခုနှစ်ထိ တာဝန်များစွာကို ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် ၁၉၈၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ဝန်ကြီးဌာနများ နှင့် အဖွဲ့အစည်းများတွင် အတွင်းရေးမှူး၊ မြို့တော်ဝန်နှင့် ကိုယ်စားလှယ်လောင်းအစရှိသည့် ရာထူးအသီးသီးဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်မှစတင်ပြီး သမ္မတမှရွေးကောက်တင်မြှောက်ထားသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏အဖွဲ့ဝင်အနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဥရောပနှင့် နိုင်ငံတကာရေးရာအဖွဲ့၏ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပါသည်။